
စိတ်ကူးချိုချိုအနုပညာ။




မန်းတင်

# ဝန်ကြီးလာမယ်ဆိုလို့

ဝတ္ထုတိုများ

mgyoe.com

mgyoe.com



အို – မိခင်

စကားရည်လုပွဲ

ဒုလ္လဘ

ဝန်ကြီးလာမယ်ဆိုလို့

မြေနု

NW0130

1,500.00 KS

mgyoe.com

mgyoe.com

ဝန်ကြီးလာမယ်ဆိုလို့ ဝတ္ထုတိုများ။ မန်းတင်
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၁၁၈ မျက်နှာ၊ ၁၂·၈ စင်တီ x ၁၈·၅ စင်တီ ,

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း၊
၂၀၁၉၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| – | မန်းတင်၏ကိုယ်ရေးအကျဉ်း | က |
| ၁။ | အို – မိခင် | ၁ |
| ၂။ | စကားရည်လုပွဲ | ၁၁ |
| ၃။ | ဒုလ္လဘာ | ၃၄ |
| ၄။ | ဝန်ကြီးလာမယ်ဆိုလို့ | ၈၈ |
| ၅။ | မြေနု | ၉၇ |


❐

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com





မန်ဆာင်
(၁၉၁၇-၁၉၉၇)

မန္တလေးဇာတိ၊ ၁၉၁၇ ဧပြီ ၁၀ ဖွား။ အဖ ကုန်သည် ဦးကံကြီး၊ အမိ ကုန်သည် ဒေါ်ဖွားကြီး။ မွေးချင်းသုံးယောက်တွင် ဒုတိယ။ ငယ်မည် မောင်ပြုံးချို။ အမည်ရင်း ဦးထွန်းတင်။

၁၉၂၃-၂၉ တွင် မန္တလေးမြို့၊ အိမ်တော်ရာ ဘုရားအနီး ဦးဝီရိယဘုန်းတော်ကြီးကျောင်း၊ မိုးကောင်းတိုက် မင်းကြီးကျောင်းနှင့် ကန့်ဘလူ မြို့နယ်၊ ထန်းကုန်းရွာအရှေ့ကျောင်းတို့၌ ပညာ သင်ခဲ့၏။ ၁၉၂၉-၃၂ တွင် မန္တလေးမြို့ သံတဲ ကျောင်း၌ နှစ်တန်းမှ ခုနစ်တန်းအထိ၊ ၁၉၃၂-၃၆ တွင် မန္တလေးမြို့ ကယ်လီကျောင်း၌ ရှစ်တန်းမှ ဆယ်တန်းအထိ ပညာသင်ခဲ့ပြီး ၁၉၃၆-၃၇ တွင် ရန်ကုန်မြို့ အစိုးရအထက်တန်း ကျောင်းမှ ဆယ်တန်းအောင်သည်။ ထိုနှစ်မှာပင် ရန်ကုန်တက္ကသိုလ်၌ ဆက်လက်ပညာသင် သည်။ ၁၉၄၁ တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာ ဘွဲ့ရသည်။ ၁၉၅၅ တွင် ရန်ကုန်တက္ကသိုလ်မှ ဥပဒေဝိဇ္ဇာဘွဲ့ရသည်။

၁၉၄၁ တွင် ယုဒသန်ကောလိပ် အချိန်ပိုင်း နည်းပြဆရာ၊ ၁၉၄၂ နှစ်ဦးပိုင်းတွင် မြောင်းမြ မြို့၌ ဗမာ့တပ်မတော်က တာဝန်ပေးချက်အရ **မြစ်ဝကျွန်းပေါ်** သတင်းစဉ် အယ်ဒီတာ၊ ထို့

mgyoe.com

mgyoe.com



နောက် ဗမာ့လွတ်လပ်ရေးတပ်မတော်ဗဟိုစစ်ရုံးချုပ်၌ ဗိုလ်လောင်းများ စုဆောင်းရေးနှင့် ဝါဒဖြန့်ချိရေး တာဝန်များကို ထမ်းဆောင်၏။ ၁၉၄၂ ဩဂုတ်တွင် မြန်မာနိုင်ငံဝန်ထမ်း (အငယ်တန်း) ရာထူးသို့ ပြောင်း၍ ၁၉၄၅ မတ်အထိ လက်ပံတန်း၊ နတ္တလင်း၊ မင်းလှမြို့တို့၌ မြို့ပိုင် အဖြစ်အမှုထမ်း၏။ ၁၉၄၅–၄၇ တွင် သာရဝေါ၊ စစ်ကွင်း၊ သာယာဝတီတို့၌ လက်ထောက်မြို့ပိုင်၊ ၁၉၄၇ နောက်ပိုင်းတွင် လက်ထောက်ကယ်ဆယ် ရေးအရာရှိအဖြစ် ဆောင်ရွက်၏။ ၁၉၄၈ ဖေဖော်ဝါရီတွင် မိုးညို၌ မြို့ပိုင်။ ၁၉၄၉ ဩဂုတ်တွင် မြို့ပိုင်အဖြစ် သာယာဝတီ၌ ရုံးစိုက်၏။ ၁၉၅၀ တွင် သာယာဝတီခရိုင် ငြိမ်းချမ်းရေးဝန်ထမ်းမှူး၊ ၁၉၅၀ ဒီဇင်ဘာ ၁၆ မှ ၁၉၅၁ မတ် ၇ တွင် အမျိုးသားစီမံကိန်း ဝန်ကြီးဌာန၊ သမဝါယမ စီမံကိန်းအောက်ရှိ သမဝါယမ မဂ္ဂဇင်း အယ်ဒီတာ၊ ၁၉၅၁ မတ် ၂၂ မှ ၁၉၅၂ မေ ၁၃ အထိ မန္တလေးခရိုင် မတ္တရာ နယ်ပိုင်ဝန်ထောက်၊ ၁၉၅၂ မေ ၁၉ မှ ၁၉၅၂ ဇူလိုင် ၉ အထိ ကျောက်ဆည် ငွေတိုက်ဝန်ထောက်နှင့် မြို့မဝန်ထောက်ကြီး၊ ၁၉၅၂ ဇူလိုင် ၁၄ မှ ၁၉၅၆ မတ် ၁၈ အထိ လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အမှုဆောင်အရာရှိရုံးချုပ်တွင် အမှုဆောင်အရာရှိ၊ ၁၉၅၆ မတ် ၁၉ မှ ၁၉၅၈ ဩဂုတ် ၁၅ အထိ လက်ထောက်နယ်သစ်ဖွင့်မင်းကြီး (ပူးတွဲထမ်းဆောင်ရသော တာဝန်)၊ ၁၉၅၈ ဩဂုတ် ၂၂ မှ ၁၉၅၉ မေ ၃၁ အထိ သာယာဝတီခရိုင် ခရိုင်ဝန်၊ ၁၉၅၉ နှစ်ကုန်ပိုင်းတွင် ကနေဒါနှင့် အမေရိကသို့ အုပ်ချုပ်ရေးပညာသင်၊ ၁၉၅၉ ဒီဇင်ဘာ ၁၁ မှ ၁၉၆၁ ဇန်နဝါရီ ၁ အထိ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဌာန ဒုတိယအတွင်းဝန်၊ ၁၉၆၁ ဇွန် ၁ မှ ၁၉၆၄ မတ် ၃၁ အထိ မြေယာကျေးလက် ကြီးပွားတိုးတက်ရေး ကော်ပိုရေးရှင်း အမှုဆောင်အရာရှိချုပ် (ရော်ဘာနှင့် အထွေထွေအုပ်ချုပ်ရေး)၊ ၁၉၆၄ ဧပြီ ၁ မှ ၁၉၆၉ ဇန်နဝါရီအထိ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယအတွင်းဝန်၊ ၁၉၆၉ ဇန်နဝါရီမှ ၁၉၇၂ ဇူလိုင် အထိ ဧရာဝတီတိုင်းမင်းကြီး၊ ၁၉၇၂ ဇူလိုင်မှ ၁၉၇၄ ဩဂုတ်အထိ ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှူး၊ ၁၉၇၄ မှ ၁၉၇၅ အထိ ပြန်ကြားရေးဝန်ကြီးဌာန စာနယ်ဇင်းကော်ပိုရေးရှင်း ညွှန်ကြားရေးမှူး (နောက်ပိုင်းတွင် ဦးဆောင်ညွှန်ကြားရေးမှူးတာဝန်ကို ပူးတွဲထမ်းဆောင်သည်)၊ ၁၉၇၅ မှ ၁၉၇၈ အထိ ပါကစ္စတန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး အဖြစ် အမှုထမ်းခဲ့ပြီး ၁၉၇၈ မေတွင် အငြိမ်းစားယူသည်။

mgyoe.com

mgyoe.com



၁၉၃၆ ကျောင်းသားသပိတ်တွင် ကယ်လီကျောင်းသား သပိတ်ခေါင်းဆောင်၊ တက္ကသိုလ်တွင် ပညာသင်စဉ် တက္ကသိုလ်ကျောင်းသားများသမဂ္ဂ ကျောင်းဆောင်ကိုယ်စားလှယ်၊ **အိုးဝေမဂ္ဂဇင်း** ကော်မတီဝင်၊ **တက္ကသိုလ်နှစ်လည်မဂ္ဂဇင်း** ကော်မတီဝင်၊ မြန်မာစာအသင်း အတွင်းရေးမှူး၊ ၁၉၄၅ တွင် မြေအောက်တော်လှန်ရေး စည်းရုံးရေးတာဝန်၊ ပြန်ကြားရေးဝန်ကြီးဌာနတွင် အမှုထမ်းစဉ် ရုပ်ရှင်ဆင်ဆာအဖွဲ့ အတွင်းရေးမှူး၊ ရုပ်ရှင်ဇာတ်လမ်း စိစစ်ရေးအဖွဲ့ဝင်၊ ရုပ်ရှင်အကယ်ဒမီရွေးချယ်ရေး အဖွဲ့ဝင်၊ စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့ဝင်၊ စာပေဗိမာန်အမျိုးသားစာပေဆု ရွေးချယ်ရေးအဖွဲ့ဝင်၊ စာပေလုပ်သားအဖွဲ့ ဖြစ်မြောက်ရေးအဖွဲ့ဝင်၊ ၁၉၇၈ တွင် စာပေဗိမာန်အဖွဲ့ဝင်၊ စွယ်စုံကျမ်း ထုတ်ဝေရေးအဖွဲ့ဥက္ကဋ္ဌ၊ အမျိုးသားစာပေဆု ရွေးချယ်ရေးကော်မတီ ဥက္ကဋ္ဌ၊ ၁၉၈၀ မှစ၍ စာပေလုပ်သားအဖွဲ့ ဥက္ကဋ္ဌတာဝန်၊ ၁၉၈၅ တွင် ရန်ကုန်တိုင်း၊ ဒေါပုံမြို့နယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တာဝန်တို့ကို ထမ်းဆောင်ခဲ့သည်။

၁၉၃၂ မှစ၍ "မောင်ထွန်းတင်" အမည်ရင်းဖြင့် "မြန်မာ့အလင်း" ရယ်ရွှင်ဖွယ်ကဏ္ဍနှင့် မန္တလေးထုတ် မဂ္ဂဇင်းများတွင် ကဗျာများရေးသည်။ တက္ကသိုလ်ရောက်သောအခါ "မန်းတင်" ကလောင်အမည်ကို သုံးသည်။ မောင်ပြုံးချိုကို အဓိကဇာတ်ဆောင်ပြု၍ "ထိုသုံးနှစ်" (၁၉၄၁)၊ "ပြုံးတမဲ့မဲ့" (၁၉၄၉)၊ "မော်စကိုမှ ရန်ကုန်သို့" (၁၉၆၆) (၁၉၆၆ စာပဒေသာ ဆုရစာအုပ်)၊ "မောင်ပြုံးချို၏ ဘဝအထွေထွေ" (၁၉၇၄)၊ "မောင်ပြုံးချို၏ ဆောင်းပါးအထွေထွေ" (၁၉၇၅)၊ ကိုဖိုးလုံးကို အဓိက ဇာတ်ဆောင်ပြုသော "လယ်ယာမြေ" (၁၉၇၇)၊ "ကိုဖိုးလုံး" (၁၉၆၈) ကဲ့သို့သော ဝတ္ထုတိုစုပေါင်းစာအုပ်များ၊ နိုင်ငံခြားဝတ္ထုကို မှီးရေးသော "မြ" (၁၉၅၀)၊ "အနိုင်မခံ" (၁၉၄၈)၊ တိုက်ရိုက်ဘာသာပြန်သော "တောင်လေသွေးတော့ (၁၉၅၂)၊ "ဖင်ဒါး အကျဉ်းသမား" (၁၉၆၆)၊ "ဖရူဆို" (၁၉၄၈)၊ နိုင်ငံခြား ဝတ္ထုတိုစုကို ဘာသာပြန် သော "မီးလျှံနှင့် ရေသိတာ" (၁၉၇၆)၊ 'အမြင်သစ်'၊ နိုင်ငံခြားပြဇာတ်ကို ဘာသာပြန်သော "ဂျူလီယက်ဆီဆာ" (၁၉၆၆) (၁၉၆၄ အနုပညာဆိုင်ရာစာပေ ဘာသာပြန်ဆုရ စာအုပ်)၊ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ ပထမပိုင်းဖြစ်သော "ပထမအရွယ်" (၁၉၇၀) တို့ကို ရေးခဲ့သည်။ ၁၉၉၇၊ ဧပြီ ၁၉ တွင် ကွယ်လွန်ခဲ့သည်။ ။

mgyoe.com

mgyoe.com
mgyoe.com



mgyoe.com

# အို - မိခင်

[၁၂၉၉ ခု၊ တပေါင်းလထုတ် ဒဂုန်မဂ္ဂဇင်း တက္ကသိုလ်ကဏ္ဍတွင် ပါဝင်ခဲ့သော မန်းတင်၏ လက်ရာဖြစ်ပါသည်။ လွန်ခဲ့သော အနှစ် ၂၀ ကျော်ကဖြစ်ပါသည်။ ။ စာတည်း။]

ဆောင်းဥတုဖြစ်သောကြောင့် ထန်းကုန်းရွာကလေးမှာ ဆီးနှင်းများနှင့် အုပ်ဆိုင်း၍ ညို့မှိုင်းမှုန်ဝေပြီးလျှင် တစ်ရွာလုံးလည်း တိတ်ဆိတ်ငြိမ်သက်လျက် ရှိ၏။ ခဏမျှကြာသော် ဦးဘိုးလင်း၏အိမ်ခေါင်ထက်မှ ရှည်လျားစွာ ဆွဲငင်၍ တွန်လိုက်သော ကြက်ဖကြီး၏အသံသည် တိတ်ဆိတ်သော ထိုအချိန်တွင် အလွန်စူးရှလှ၏။

ဤအချိန်သည် ငါ၏မိခင်ကြီး အိပ်ရာမှထ၍ ဆွမ်းချက်သော အချိန်တည်း။ မိခင်ကြီး၏ပြုမြဲဝတ်သည် ယနေ့ပျက်ရပေတော့မည်။ ယမန်နေ့ကပင် ငါ၏မိခင်ကြီးသည် မြတ်စွာဘုရားအား ဆွမ်း၊ ရေချမ်း၊ ပန်းများကပ်လှူ၍ သွားလေသူ ဖခင်ကြီးအား အမျှဝေရှာသေးသည်။ ယခုမူကား ငါတို့ကိုပစ်ခဲ့၍ မနေသာသောလမ်းသို့ လိုက်သွားလေပြီ။ ငါသည် မိခင်ကြီး၏အားကိုးချစ်ခင်ခြင်းကို ခံရသော သားကြီးတည်း။

mgyoe.com

mgyoe.com



မိခင်၏ပြုဖွယ်ကိစ္စဟူသမျှတို့ကိုသာလျှင် ဆက်လက်ဆောင်ရွက်အံ့၊ ဤသို့ကြံစည်၍ ဆွမ်းချက်အံ့ဟု အိပ်ရာမှထပြီးသော် အနည်းငယ်မှောင်၍နေသဖြင့် အနားဥ္ရှိသော ရေနံဆီမီးခွက်ကို ထွန်းညှိလိုက်လျှင် အခိုးတလူလူ တောက်လောင်သည်နှင့် တစ်ပြိုင်နက် ဝါးခင်းဝါးကာ သက်ငယ်မိုး၍ ဆောက်လုပ်ထားသော တဲအိမ်ကလေးတစ်ခုလုံး မထင်မရှား လင်း၍သွားလေသည်။

အနီးတွင် ၂ နှစ်အရွယ် လူမမည်ကလေးမှာ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်၍ နေလေသည်။ ယမန်နေ့ညက ငါ၏ညီကလေးသည် မိခင်၏ရင်ခွင်ကြားတွင် ပိုက်ထွေးယုယခြင်းကိုခံလျက် အိပ်ခဲ့ရ၏။ ယခုမူကား သင်၏မိခင်ရင်ခွင်နှင့် ဝေးခြင်းကြီးဝေးခဲ့လေပြီ၊ သင့်အား မိခင်ကြီးသည် ပဋိသန္ဓေတည်နေသည်မှစ၍ သားတို့၏ ချစ်ခြင်းဖြင့် မဆင်းရဲ မငြိုငြင်ရအောင် စောင့်ရှောက်ခဲ့၏၊ ယမန်နေ့ဆွမ်းခံပြန်ချိန်မှစ၍ ငါသာလျှင် သင့်အား စောင့်ရှောက်မည့်သူရှိတော့မည်။ ငါတစ်ယောက်တည်းသာလျှင် သင်ဥ္ကိုးကွယ်အားထားစရာရှိတော့သည်တကား၊ အို–မိခင်ရင်သွေးညီမောင်ထွေး အားမငယ်လင့်၊ သင်သည် ငါတစ်ယောက်လုံးအားကိုးစရာရှိသေး၏။ ငါ့မှာကား မည်သူ့ကိုမျှ အားထားစရာမရှိတော့ပြီ။

ညီလေးအား ယုယပိုက်ထွေး စောင်ထူထူခြုံ၍ပေးပြီးသော် ဖယောင်းတိုင်တိုကလေးကို မီးထွန်းညှိကာ မီးဖိုသို့ သွားတော့အံ့ဟု နေရာမှ ထလိုက်လေသည်။ ခေါင်းရင်းတွင် ယှဉ်ပြိုင်၍ ချိတ်ထားသော မိခင်ဖခင်တို့၏ဓာတ်ပုံငယ်နှစ်ခုကို မြင်ရပြန်လေသည်။ ရေနံဆီမီးလည်း အားနည်းလှသဖြင့် မထင်မရှားသာ မြင်ရ၏။ မိခင်ဖခင်တို့သည် ယနေ့အထူးသဖြင့် ညှိုးနွမ်းလျက်ရှိ၏။ မျက်ရည်ပေါက်ကြီးများပင် ကျဆင်းနေသည်ဟု ငါ့စိတ်ဥ္ထင်မိ၏။ လက်တွင်ကိုင်၍ ထားသည်ဟုပင်

mgyoe.com

mgyoe.com



သတိမရသော ဖယောင်းတိုင်မီးကို အနီးကပ်၍ သေချာစွာ ကြည့်မှ ငါထင်သည့်အတိုင်း မဟုတ်ကြောင်းကို သိရလေသည်။

အသက်ကို မှန်မှန်ရှူ၍ အိပ်နေရှာသော လူမမည်၊ မိဘမဲ့ညီလေး၊ နိုးမည်စိုး၍ ခြေကိုညင်သာစွာ နင်းပြီးလျှင် မီးဖိုသို့ကူးခဲ့၏။ ဆွမ်းအိုးနပ်သောအချိန်၌ အိမ်၏မြောက်ဘက် မန်ကျည်းပင်ကြီးပေါ်မှ ကျီးအပေါင်းတို့သည် "ထကြကုန်လော့၊ ငါတို့အစာရှာသွားကြကုန်အံ့" ဟုဆိုသည့်အလား၊ တစ်ဦးနှင့်တစ်ဦးအဖော်ညှိ၍ နေကြသောကြောင့် ဆူညံလျက်ရှိ၏။ ဤအချိန်သည် ငါ၏မိခင်ကြီးဆွမ်းတော်ကပ်သောအချိန်တည်း။ ဆွမ်းတော်ပွဲကို စင်ကြယ်စွာ ဆေး၍ ဖြူဖွေးမောက်မို့နေသော ဦးပေါင်းသားကလေးကို ဆွတ်ခူးပြီးလျှင် ဆွမ်းတော်ပန်းကန်ပြားကလေးထဲသို့ ထည့်ထားလိုက်သည်။ နောက်လေးငါးရက်တုန်းက မိခင်ကြီးကိုယ်တိုင် မြို့မှဝယ်လာခဲ့သော ဆွမ်းတော်တင်ရန် မုန့်များကို တစ်ပန်းကန်စီခွဲ၍ ထည့်ပြီးလျှင်၊ အိမ်ဦးခန်းရှိ ရုပ်ပွားတော်ရှေ့တွင် မြတ်စွာဘုရားအား ရည်စူး၍ ဆွမ်းတော်ကပ်လေသည်။ မိခင်ကြီး၏ ကြည်လင်ပြတ်သားလှသော ဘုရားရှိခိုးသံကို နေ့စဉ်နေ့တိုင်း ဤအချိန်၌ ကြားရသည်။ ထိုအသံသည် ယနေ့မှစ၍ ဆိတ်ပေတော့မည်။ ဘုရားရှိခိုးပြီးသော်၊ မိခင်ကြီးသည် ကွယ်လွန်သူဆွေမျိုးဉာတိအပေါင်းနှင့်တကွ၊ မိခင်ကြီးအား အမျှဝေလေ့ရှိ၏။ ငါသည်လည်း ယခုပြုရသော ကုသိုလ်အဖို့ကို ကွယ်လွန်သူ ဆွေမျိုးဉာတိအပေါင်းနှင့်တကွ၊ မိခင်ဖခင်တို့အား အမျှပေးဝေပါ၏။ အို–မိခင် ဖခင်တို့ သားကြီးပေးသော အမျှကို ရောက်ရာဘဝမှ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ကြပါကုန်။

အရှေ့အရပ်မှ နေမင်းကြီးသည် နီရဲတောက်ပြောင်၍ အရည်ကောင်းလှသော ပတ္တမြားကြီးသို့ ထွက်ပြူ၍လာလေသည်။ ဆီးနှင်းများလည်း နေမင်းကြီးကို ကြောက်ရွံ့သည့်အလား၊ တဖြည်းဖြည်းပျောက်

mgyoe.com

mgyoe.com



ကွယ်၍သွားကုန်၏။ ခပ်လှမ်းလှမ်းမှ ကြည်လင်သာယာလှသော ကြေးစည်သံနှင့် "ဆွမ်းတော်ဖျို့" ဟူသော အရှေ့ဘုန်းတော်ကြီးကျောင်းသားများ၏ စူးရှအောင်မြင်သောအသံကို ကြားရလေသည်။ နေ့စဉ်နေ့တိုင်း ဤအသံကိုကြားရသော် ငါ၏မိခင်ကြီးသည် ဆွမ်းလောင်းရန် အသင့်ပြင်ဆင်၍ စောင့်ဆိုင်းနေတတ်လေသည်။ ငါသည်လည်း ဇလုံတစ်ခုနှင့် ဆွမ်းခူးပြီးသော် မိခင်ကြီးကိုယ်တိုင်ကြော်ခဲ့သော ငါးကြော်ကို အသင့်ဆောင်ယူ၍ အိမ်ပေါက်မှ အလှူခံအလာကို စောင့်ဆိုင်းနေ၏။ ဆွမ်းခံလာသော ဘုန်းတော်ကြီး ဦးဇယန္တသည် မိခင်ကွယ်လွန်သည်ကို သိနှင့်ပြီးဖြစ်သဖြင့် ကျော်လွန်၍သွားမည်လုပ်ပြီးမှ၊ ဆွမ်းလောင်းရန် စောင့်ဆိုင်းနေသော ငါ့ကိုမြင်သော်၊ မသာယာသောမျက်နှာနှင့် အိမ်ပေါက်တွင်ရပ်လာ၏။ မိခင်ကြီးသည် ဤအချိန်တွင် ဖိနပ်မပါ ခြေဗလာနှင့် တဘက်ကလေးကို ပခုံး၌တင်လျက်၊ ဆွမ်းလောင်းတတ်လေသည်။

ငါလည်း မိခင်ဖခင်တို့ကို ရည်စူး၍ စေတနာသန်သန်နှင့် မိခင်ကိုယ်စား ဆွမ်းလောင်းပါသည်၊ ထိုခဏ၌ ကြေးစည်ရှင်သည် ငါပြုသောကုသိုလ်ကို ကမ္ဘာလောကဓာတ်ကြီးတစ်ခုလုံးကို ကြွေးကြော်သည့်အလား ကြည်နူးဖွယ်ရာ တီးခတ်လိုက်လေ၏။ ငါ၏နှလုံးသားသည် ကြေးစည်သံဆွဲငင်ရာသို့ လိုက်ပါသွားပြီးလျှင်၊ ကိုယ်ခန္ဓာမှာ နေရာမှမရွေ့နိုင်ဘဲ ငိုင်ငိုင်ကြီး မတုန်မလှုပ်ရပ်နေ၍ မျက်ရည်ပေါက်ကြီးသည် ပူပူနွေးနွေးပါးပြင်ပေါ်သို့ ကျဆင်းလာလေသည်။

ထိုခဏ၌ အိမ်တွင်းမှ "မေမေ" ဟူသောအသံကိုကြား၍ သတိရသောအခါ၌ ဘုန်းတော်ကြီးနှင့် ကျောင်းသားများမှာ ဝေး၍သွားလေပြီ။ ညီလေး၏ "မေမေ" ဟူသောအသံသည်၊ ငါ၏နှလုံးသားကို ဖျစ်ညှစ်ဆုပ်ကိုင်၍ ဆွဲဆောင့်လိုက်သည်နှင့်တူတော့သည်။ ငါသည် မည်သည့်အရာများကို နင်း၍သွားသည်ဟူ၍ပင်မသိဘဲ၊ ညီလေးအနားသို့ရောက်

mgyoe.com

mgyoe.com


သွားလေသည်။ ညီလေးမှာ မိခင်ကိုသာ တမ်းတငိုယို၍နေသောကြောင့် အတန်ကြာအောင် လှည့်ပတ်ပြောဆိုချော့မော့မှ အငိုတိတ်၍ သွားလေသည်။

နေလည်း ထန်းတစ်ဖျားသာသာရှိလေပြီ။ ရွာထဲ၌လည်း 'ဆွမ်းတော်ဖို့' ဟူသောအသံနှင့် ကြေးစည်သံများကိုလည်း မကြားရတော့ချေ။ ရွာသူရွာသားများလည်း မိမိတို့အလုပ်ခွင်သို့ ဝင်ကြလေပြီ၊ ဤအချိန်၌ပင် ငါ၏မိခင်ကြီးထံသို့ ကြမ္မာဆိုးဆိုက်ရောက်လာလေသည်။ မိခင်ကြီးသည် လေထိုးလှသည်ဟု အိပ်ရာထဲတွင် ဘယ်ပြောင်းညာပြန်မှောက်လှန်ပြီးလျှင် ညည်းညူ၍နေ၏။ ငါသည် မည်ကဲ့သို့ပြုရမည်မသိ၊ မိခင် ၏ညွှန်ကြားချက်အရ ဆေးပုလင်းထဲမှ ဆေးမှုန့်တို့ကို တိုက်၏။ မကြာမီပင် အန်ပစ်တော့သည်။ အိမ်နီးချင်းဒေါ်မှိုကို သွား၍ခေါ်သဖြင့် ဒေါ်မှိုလည်း ဒရောသောပါး ပြေး၍လာရှာ၏။ သူသည် နားလည်သမျှ ဟိုနှိပ်၊ သည်နှိပ် နှိပ်သော်လည်း မသက်သာသည့်အပြင် တိုး၍ပင် နာလာသေးသတတ်၊ မြောက်ဘက်အိမ်မှ ဒေါ်မြစ်လည်း မကြာမီ ရောက်လာပြန်၏။ ဒေါ်မြစ်မှာ ဝေဒနာကို နားမလည်သောကြောင့် အနားတွင် ငိုနေသော ညီလေးကို ကောက်ယူချီပိုက်၍ ချော့ရှာ၏။ ထို့နောက် ဒေါ်မြစ်ယောကျ်ား ဦးဘိုးလင်းရောက်လာပြန်၏။ ငါ့အား တောင်အရပ်မှ အနှိပ်သည် မထိုက်ကိုသွား၍ခေါ်ရန် ခိုင်းသောကြောင့် မိခင်နားမှ မခွာလိုသော်လည်း၊ မထိုက်လာလျှင် မိခင်ဝေဒနာ ပျောက်ကင်းလတ္တံ့ဟု အောက်မေ့၍ ဖိနပ်မပါခြေဗလာနှင့် ပြေးခဲ့ရ၏။ မထိုက်ကိုကား မတွေ့၊ အိမ်သို့တစ်ဖန် ပြေးခဲ့ပြန်၏။ အိမ်သို့ရောက်သော် မိခင်အနားတွင် လူတစ်ယောက်မျှမရှိ၊ အပြင်ခန်းတွင်ကား လူစည်လျက်ရှိ၏။ ထိုသူတို့သည် ငါ့အား ပြူးကြောင်သောမျက်လုံးဖြင့် လှမ်း၍ကြည့်ကြကုန်၏။ အချို့သော မိန်းမကြီးတို့၏မျက်လုံး၌ မျက်ရည်များ

mgyoe.com

mgyoe.com



ရစ်ဝဲနေ၏။ အချို့လည်း တီးတိုးပြော၍ နေကြကုန်၏။ ထိုသူတို့၏အမူအရာကိုမြင်သော ငါသည် သက်ာမကင်း ရင်အတွင်း၌ နေခုနစ်စင်းတောက်သည့်ခင်းသို့ ပူပြင်းလောင်ကျွမ်း၊ ကိုယ်လုံးနွမ်း၍ ပင်ပန်းဖိုလှိုက်၊ ကတိုက်ကရိုက်လျှင် မိခင်၏အနားသို့ချဉ်းခဲ့၏။ မိခင်သည် မလှုပ်မယှက် ပက်လက်ကလေးနေတော့၏။ မျက်လုံးလည်း မှိတ်လျက်ရှိ၏။ မိခင်ကြီးသည် ရောဂါသက်သာ၍ အိပ်ပျော်နေခြင်းပေလော၊ အသက်လည်း မရှူပြါတကား။ "မေမေ–မေမေ" ဟု ခေါ်ပြီးလျှင် ရင်ပေါ်၌တင်လျက်ရှိသော လက်ဖျားကလေးများကို ဆွဲကိုင်၍လှုပ်သော်လည်းမိခင်ကြီးသည် ငါ၏အသံကိုလည်း မကြားနိုင်တော့ပြီ။ ငါ၏ကိုင်တွယ်လှုပ်နိုးခြင်းကိုလည်း မသိနိုင်တော့ပြီ။ သည်တစ်ခါ အိပ်ခြင်းသည်မည်သည့်အခါမှ နိုးတော့မည်မဟုတ်သော အိပ်ခြင်းတည်း။ အို–မိခင်ညီအစ်ကိုနှစ်ယောက်အား ဆွေမျိုးကင်းကွာ၊ သူစိမ်းရွာတွင် ပစ်ခွာရှောင်ဖယ် မျက်နှာငယ်နှင့် အဘယ်ကဲ့သို့ နေထိုင်ရပါမည်နည်း။ ငါ၏ပူဆွေးခြင်းကို စာဖြင့်လည်း ရေး၍မကုန်နိုင်၊ စကားဖြင့်လည်း ပြော၍မဆုံးနိုင်၊ ထိုမျှလောက် ပူဆွေးခြင်းကို တစ်ရံတစ်ခါမှ ခုဘဝတွင် မကြုံဖူးသေးချေ။

ငါ၏မိခင်ကြီးသည် ကံဆိုးလေစွ။ မိခင်၏ဒေသ၊ မိခင်၏နေအိမ်ထက်၌ဖြစ်ခဲ့ပါမူ၊ ဆွေမျိုးအပေါင်းတို့အလယ်၌ တင့်တင့်တယ်တယ်သင်္ဂြိုဟ်ခြင်းကို ခံရလတ္တံ့။ ဤရွာသို့ မိခင်ကြီး ရောက်လာသည်မှာသုံးလမျှသာရှိသေး၏။ ရွာသူရွာသားတို့သည် မိခင်နှင့် မည်သို့မျှ သွေးသားတော်စပ်ခြင်းမရှိ၊ ဤအိမ်သည်လည်း ခေတ္တမျှငှား၍ နေရသောအိမ်တည်း၊ ပစ္စည်းဥစ္စာဟူ၍လည်း သားကြီး၏လက်ထဲ၌ တစ်ဆယ်မျှသာ ရှိ၏။ ထိုကဲ့သို့ ပစ္စည်းအင်အားနည်းပါးလှသော သားကြီးသည်ဆွေမျိုး အင်အားမရှိသော သူတစ်ထူးရပ်ရွာတွင် မိခင်ကြီးအလောင်းကိုအဘယ်မှာလျှင် လှလှပပ သင်္ဂြိုဟ်နိုင်အံ့နည်း။

mgyoe.com

mgyoe.com



ငါသည် ဆွေမျိုးတို့ထံ အကြောင်းကြားမည်ဟု ကြံပါသေး၏။ သို့သော်လည်း ငါ၏ဆွေမျိုးတို့သည် ဆင်းရဲလှသော ငါတို့အား အရေးတယူပြု၍ လာလိမ့်မည်မဟုတ်သောကြောင့် အကြောင်းမကြားတော့ချေ။ မကြာမီ ရပ်ရွာထဲမှ လူကြီးများ မိခင်၏အသုဘအတွက် စိမံကြ၏။ ငါ့အား ငွေအား ဘယ်မျှရှိသနည်းဟု မေးသောကြောင့် ငွေတစ်ဆယ်ရှိကြောင်းပြော၍ ထုတ်ပေးလိုက်၏။ သနားတတ်သော ရွာသူရွာသားတို့သည် မိခင်၏အသုဘအတွက် တစ်ပဲစီ၊ တစ်မူးစီ ထည့်ကြကုန်၏။

အရှေ့ဘုန်းတော်ကြီးကျောင်းမှ မွန်းတည့်အချိန်၌ ထွက်ပေါ်လာသော ကြေးစည်သံနှင့်တစ်ပြိုင်တည်း ခွေးအူသောအသံသည် ငါ၏ဝမ်းတွင်းရှိ အပူမီးခဲကို လေသလပ်လိုက်သကဲ့သို့ နီရဲကျွမ်းလောင်၍ တောက်ပြောင်လေတော့သည်။

ဤအချိန်သည် ငါ၏မိခင်အလောင်းကို သုသာန်သို့ ဆောင်ယူသောအချိန်တည်း။ ငါသည် မိန်းမော၍နေသောကြောင့် သုသာန်သို့ လိုက်၍မပို့ရ၊ မည်သည့်နေရာတွင် မြှုပ်နှံခဲ့သည်ဟူ၍လည်း ငါတို့မသိ၊ ယနေ့ညနေ ငါတို့သည် ဤရွာမှ ထွက်ခွာမသွားခင် မိခင်ကြီး၏နေရာကိုသွားရောက်ကြည့်ရှုကုန်အံ့၊ ငါတို့ညီအစ်ကို နှစ်ယောက်သည် မိခင်ကြီးအား ကန်တော့ကြကုန်အံ့။

၂ နှစ်အရွယ်၊ လူမမည်ညီကလေးကို ပိုက်ချီ၍၊ ရွာ၏အနောက်ဘက်ရှိ သုသာန်သို့ရှေးရှုလာခဲ့၏။ ရွာမှလွန်သော် သစ်ပင်ကြီးများ အုပ်ဆိုင်း၍ ဖြူဖွေးသည့်ဂူများကိုမြင်ရ၏။ စပါးရိတ်သိမ်းပြီးခါစဖြစ်သဖြင့်၊ ရိုးပြတ်များသာ ကျန်ရှိသောလယ်ပြင်များကို ဖြတ်သွား၍၊ မကြာမြင့်မီ သုသာန်သို့ရောက်တော့သည်။ ထိုအရပ်သည်ကား တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။ သစ်ပင်ကြီးများ အုပ်ဆိုင်းနေသောကြောင့်၊ အရိပ်လည်း အလွန်ကောင်းလေသည်။ လေတိုက်လိုက်သောအခါ၌ ညောင်ပင်

mgyoe.com

mgyoe.com


ကြီး၊ မန်ကျည်းပင်ကြီးတို့၏ အရွက်တို့သည် ဆိတ်ငြိမ်လှသောနေရာတွင် အသံကျယ်စွာ ပြုကုန်၏။ ငါသည် ညီငယ်ကိုချီပိုက်လျက်၊ မိခင်၏ မြေပုံကိုရှာ၏။ မြေပုံများကား ပေါလှပါဘိသည်၊ အချို့လည်း ကာလရှည်ကြာ၍ ချိုင့်ဝှမ်းနေလေပြီ။ လက်ရိုး၊ ခြေထောက်ရိုး၊ ခေါင်းရိုးတို့ကိုလည်း ဟိုနား၊ သည်နားတွင် တွေ့ရ၏။ အတန်ကြာအောင်ရှာမှ မိခင်၏မြေပုံကို မန်ကျည်းပင်ကြီးအောက်တွင် တွေ့ရ၏။ မြေများသည် အသားမကျသေးဘဲ ပွ၍နေသည့်ပြင် ဂျပ်စက္ကူကလေးပေါ်တွင် "ဒေါ်ဖွားမြေပုံ" ဟု မလှမပရေးခြစ်ထားသောကြောင့် မိခင်၏မြေပုံမှန်း သိရ၏။

ငါသည် ညီငယ်အား မြေပေါ်တွင် ချထား၍၊ မိခင်၏မြေပုံကို ကန်တော့၏။ ညီငယ်၏လက်ကလေးနှစ်ဖက်ကိုကိုင်၍လည်း ကန်တော့စေ၏။ အို-မိခင်၊ သားတို့ကား ယနေ့ပင် ဤရွာမှ သွားရတော့အံ့၊ မိခင်အား သားတို့ကန်တော့ခဲ့ပါ၏ဟုဆို၍ ကန်တော့၏။ မိခင်သည် ငါတို့ရှေ့၌ ကိုယ်ထင်လာ၍ပြသည်ဟု ထင်လိုက်၏။ ငါသည် မချုပ်တည်းနိုင်ဘဲ ရှိုက်ကြီးတငင် ငိုမိတော့၏။ ညီငယ်သည် ငါ၏ဖြစ်အင်ကိုမြင်လျှင် ငိုတော့မည်ကဲ့သို့ မကြည်မသာမဲ့သောကြောင့်၊ ငါလည်း ကပျာကယာကောက်ယူပွေ့ချီလိုက်ပြီးမှ၊ နောက်မှ ခြေသံကြားသောကြောင့် လှည့်ကြည့်လိုက်ရာ ဦးဘိုးလင်းနှင့် ဒေါ်မြစ်တို့ကို မျက်ရည်စက်လက်နှင့် တွေ့ရလေသည်။ ငါတို့ညီအစ်ကိုနှစ်ယောက်တည်း အနောက်အရပ်သို့ သွားသည်ကို မြင်လိုက်၍၊ စိတ်မချသောကြောင့် လိုက်လာကြကုန်၏။ ငါ၏ပူဆွေးခြင်းကိုမြင်သောအခါ၊ သူတို့လည်း ပူဆွေးကုန်၍ မျက်ရည်ဖြိုင်ဖြိုင်ကျကုန်၏။ ဦးဘိုးလင်းသည် ငါ့အား ဖျောင်းဖျ၍ ခေါ်၏။ "သွားကြပါစို့ကွယ်၊ အခုမှတော့ မထူးတော့ပါဘူးကွယ်၊ မင်းငိုနေပေမယ့် မင်းအမေပြန်ရှင်တော့မှာ မဟုတ်ပါဘူး" ဟု ပြော၏။ ထိုစကားကိုကြားမှသာ၍ ဝမ်းနည်းလာပြီးလျှင် ရင်ထဲ၌ ဆို့၍ ရှိုက်ကြီး

mgyoe.com

mgyoe.com


တငင် ငိုကြွေးမိပြန်၏။ ညီငယ်သည် ငါ၏ငိုကြွေးခြင်းကို မြင်လျှင်၊ ရော၍ငိုလေတော့သည်။ ဒေါ်မြစ်သည် ပွေ့ပိုက်ကာချီပြီးလျှင် ချော့ရှာ၏။ ဦးဘိုးလင်းသည် ငါ၏လက်မောင်းကိုဆွဲကိုင်၍ "ထပါကွယ် သွားကြပါစို့" ဟု ပြောပြန်မှ စိတ်ကိုတင်းကာ မိခင်၏မြေပုံကို တစ်ဖန် ကန်တော့၍ ရွာထဲသို့ပြန်လာကြ၏။

နေမင်းကြီးသည် အနောက်ဘက်တောင်စွယ်တွင် ဝင်တော့မည့် ဆဲဆဲ နီရဲသောအဆင်းကို ဆောင်လျက်၊ ကမ္ဘာသူကမ္ဘာသားတို့အား ဝမ်းနည်းသော အထိမ်းအမှတ်ကို ပြ၍ နေသကဲ့သို့ ထင်ရ၏။ ငါတို့ ညီအစ်ကိုနှစ်ယောက်လည်း ထွက်အံ့ဆဲဆဲ မီးရထားပေါ်တွင် ရောက်ရှိ နေလေပြီ၊ ဦးဘိုးလင်းသည် ငါ့အတွက် လက်မှတ်ခံ၍ပေးလာသည်။ ရပ်ရွာထဲမှ သဒ္ဓါကြေးကောက်ခံ၍ရသော ငွေတစ်ဆယ့်ငါးကျပ်ကို၊ ငါ၏ လက်တွင်းထည့်၏။ ငါသည် ရထားပေါ်မှဆင်း၍ လိုက်ပို့ကြသော ရွာသူရွာသားများကို ကန်တော့၏။ ထိုလူတို့သည် မျက်ရည်စက်လက် နှင့် ငါတို့အတွက် ဆုတောင်းကုန်၍၊ ဒေါ်မြစ်သည် ညီငယ်အား တစ်ဖန် ချီပွေ့၍ နမ်းရှုံ့ပြန်၏။ မီးရထားသည်ထွက်တော့အံ့ဟု ဥသြပေးလိုက် လျှင် ရထားပေါ်သို့တက်၍၊ ညီငယ်အား ချထားပြီးလျှင် လိုက်ပို့သူများ အား နှုတ်ဆက်၏။ မကြာမီ ရထားလည်း ထွက်တော့သည်။ ရထား ပေါ်မှနေ၍ မိခင်ကြီးအား ရည်မှန်း၍ ကန်တော့၏။ လိုက်ပို့ကြသောသူ များလည်း ငါတို့အားကြည့်၍ ကြေကွဲဝမ်းနည်းစွာ ကျန်ရစ်ခဲ့၏။ ရထား သည် တဖြည်းဖြည်းမြန်လာ၍၊ ငါသည် ပြတင်းပေါက်မှ ခေါင်းထွက်၍ ကြည့်သော်လည်း ထိုသူတို့ကိုမမြင်ရတော့ချေ၊ နောက်ဆုံး၌ ထန်းကုန်း ရွာကလေးပါ မျက်စိအောက်မှ ပျောက်ကွယ်သွားလေသတည်း။

ရှုမဝ။

❒

mgyoe.com



mgyoe.com

mgyoe.com

# စကားရည်လုပွဲ

## (၁)

၁၉၃၉ ခု

အရေးတော်ပုံ၏ဂယက်သည် တဖြည်းဖြည်း ငြိမ်သက်သွားပါပြီ။ နောက်ဆက်တွဲစာမေးပွဲများလည်း ကျင်းပပြီးစီးခဲ့ပေပြီ။ ကျွန်တော်လည်း ဝိဇ္ဇာတန်းသို့ တက်ရောက်သင်ကြားရတော့မည်ဖြစ်သောကြောင့် တက္ကသိုလ်သို့ ပြန်လည်ရောက်ရှိနေပါပြီ။ သို့သော် ၂ နှစ်လုံးလုံး နေထိုင်ခဲ့သော အင်းဝကျောင်းဆောင်တွင် မနေနိုင်တော့ပြီ။ ခပ်စောစော ရောက်ရှိနေသော ကျောင်းသားတွေနှင့် ပြည့်နှက်လျက်ရှိပါပြီ။ ထိုကျောင်းဆောင်ကို ဂုဏ်ထူးယူသည့် ကျောင်းသားများအတွက် သီးသန့်ထားသည်ဟုလည်း သိရပါသည်။ ထို့ကြောင့် ကျွန်တော်သည် ပဲခူးကျောင်းဆောင်သို့ ပြောင်းရွှေ့ခဲ့ရပါသည်။

ပဲခူးကျောင်းဆောင်၏ ဒုတိယအဆောင်မှူးကား ပါဠိကထိက ဦးလှအောင် (ကွယ်လွန်သူ) ဖြစ်ပါသည်။ စိတ်ထားနူးညံ့ပျော့ပျောင်း၍ သာယာသောအသံနှင့် ပြည့်စုံပါသည်။ သူပြောသောစကားများသည်

mgyoe.com

mgyoe.com



ကြည်လင်အေးမြသော စာတ်ကိုဆောင်လာပါသည်။ ပဲခူးကျောင်းဆောင်တွင် ရောက်စ,က ရင်းနှီးသောမိတ်ဆွေများမရှိသေး၍ ပျင်းခြောက်ခြောက်ဖြင့် နေခဲ့သော်လည်း မကြာခင်ပင် အချင်းချင်း ရင်းနှီးလာကြသောကြောင့် ပျော်စရာလောက ကလေးဖြစ်လာပါသည်။

ထို့နောက် ကျွန်တော်တို့ စာရေးဖော်ချင်းဖြစ်သော ကိုတင်မောင် (တက္ကသိုလ်ထင်ကြီး) လည်း ထိုကျောင်းဆောင်သို့ရောက်ရှိလာပြန်ပါသည်။ သူသည် ဝိဇ္ဇာတန်းအောင်မြင်ပြီး၍ ဥပဒေတန်းတက်ရန် ရောက်လာခြင်း ဖြစ်လေသည်။ သူ့အခန်းနှင့် ကျွန်တော့်အခန်းမှာ ကပ်လျက် ရှိနေပါသည်။ ကျွန်တော်တို့နှစ်ဦးမှာ အတော်ပင် ဘက်ရနေကြပါသည်။

သို့သော် ကိုတင်မောင်နှင့်ပတ်သက်၍ ကိုဗဟိန်း (ကွယ်လွန်သူ) တစ်ခါက ပြောဖူးသည်ကို သတိရမိပါသည်။

"ကျွန်တော်နဲ့ ကိုတင်မောင်နဲ့ ရင်းရင်းနှီးနှီးပေါင်းခဲ့တယ်ဗျ။ ကျွန်တော်ကတော့ တစ်နေ့နေ့ကျရင် သူနိုင်ငံရေးဝါသနာပါလာမှာပဲလို့ အောက်မေ့တာ...၊ ဘယ်ဟုတ်မလဲဗျာ... ကျွန်တော်ဝါသနာပါတဲ့ နိုင်ငံရေးကို သူဝါသနာပါမလာဘဲ၊ သူဝါသနာပါတဲ့ ဓာတ်ပုံရိုက်တဲ့အလုပ်ကို ကျွန်တော်ဝါသနာပါသွားပါရောလား..." ဟု ကိုဗဟိန်းက အားရပါးရ ပြောဖူးပါသည်။ ယခုလည်း စာရေးသာမက သူနှင့်ပေါင်းမိမှ ကျွန်တော့်မှာ ဓာတ်ပုံဝါသနာ ပါလာပါတော့သည်။

ပထမနှစ် ဝိဇ္ဇာတန်းတွင် သင်ကြားရမည့် ဘာသာတွဲများကိုလည်း ရွေးချယ်ကြရသည်။ မိမိဓာတ်ခံနှင့် မကိုက်ညီသော ဘာသာရပ်များကို ယူထားမိလျှင် မအောင်နိုင်ဘဲ ဖြစ်နေတတ်ပါသည်။ ထို့ကြောင့် ဂရုတစိုက် ရွေးချယ်ကြရပါသည်။ ကျွန်တော့်အဖို့တော့ ဥပစာတန်းတုန်းက တစ်ခါပြန်ဖြေခဲ့ရသော ရာဇဝင်ဘာသာကို ပြန်မကြည့်လိုတော့ပေ။

mgyoe.com

mgyoe.com



ထို့ကြောင့် အင်္ဂလိပ်စာပေ၊ မြန်မာစာပေနှင့် ပါဠိကို ရွေးချယ်ပြီး ယူလိုက်ပါသည်။

"ဂုဏ်ထူးယူဖို့ကောင်းတယ်၊ ဂုဏ်ထူးယူတာက သုံးနှစ်နေလိုက်ရင် ဘွဲ့ရဖို့တော့ သေချာတာပဲ...၊ ရိုးရိုးဆိုရင် ဆက်,ဆက်ကျနေရင် ဒုက္ခပဲ..." ဟူသော ရှေ့မိနောက်မိ ကျောင်းသားကြီးများ၏ ဩဝါဒကိုလည်း နာခံရပါသည်။

"ပြီးတော့... အရေးပိုင်တန်း၊ ဝန်ထောက်တန်း စာမေးပွဲဝင်တာတို့၊ ပညာတော်သင်သွားဖို့ ကိစ္စတို့ကျတော့လည်း ဂုဏ်ထူးယူထားတော့ပို ပြီး အခွင့်အရေးရတာပေါ့..." ဟုလည်း ပြောပါသည်။

ကျွန်တော့်အဖို့တော့ ဘာလုပ်ရမည်မသိပါ။ သို့သော် သုံးနှစ်နှင့် သေချာပေါက် ဝိဇ္ဇာဘွဲ့ရဖို့ကိုတော့ သဘောကျမိပါသည်။ ဝိဇ္ဇာရိုးရိုးတန်းများတွင် သုံးလေးနှစ် ဆက်ကျနေသူများကိုလည်း မျက်ဝါးထင်ထင် မြင်နေရသောကြောင့် ဖြစ်ပါသည်။ သို့နှင့် ပထမနှစ် မြန်မာစာဂုဏ်ထူးတန်းကို အခြားအသိမိတ်ဆွေများနှင့် ရောနှောတက်ရောက်လျက် ရှိပါသည်။ စင်စစ်တော့ ထူးထူးခြားခြား သင်တန်းတက်ရသည် မဟုတ်ပါ။ တစ်ပတ်လျှင် တစ်ချိန်ကျောက်စာသင်တန်းကိုသာ တက်ရောက်သင်ကြားရခြင်း ဖြစ်ပါသည်။ ပုံရိုက်ထားသော ကျောက်စာကားချပ်ကြီးများကို နံဆောင်တွင်ညှပ်လျက် လမ်းလျှောက်ရသည်ကိုပင် ဂုဏ်တစ်မျိုးဟု ထင်ကာ ကြွားရ၊ ဝင့်ရတော့မလိုလို...။

## (၂)

နှစ်ဦးတွင် ထုံးစံအတိုင်း တက္ကသိုလ်ရှိ အသင်းအသီးသီးတို့သည် လှုပ်ရှားလျက်ရှိကြလေသည်။ အသင်းပေါင်းကလည်း စုံလှပါသည်။ လူမျိုးအလိုက် ဖွဲ့စည်းထားသော အသင်းတွေလည်း ရှိသည်။ သင်ကြား

mgyoe.com

mgyoe.com



သော ဘာသာရပ်များကိုမှီး၍ ဖွဲ့စည်းထားသည့်အသင်းများလည်း မနည်း။ ကျောင်းသူကျောင်းသားများ၏ ဇာတိဒေသအလိုက် ဖွဲ့စည်းထားသော အသင်းများကိုလည်း တွေ့ရသည်။ နေခဲ့သောကျောင်းများကို အစွဲပြု၍ ဖွဲ့ထားသည့် အသင်းများကိုလည်း ကြုံရသည်။ ဘာသာရေးကို အကြောင်းပြု၍ တည်ထောင်ထားသော အသင်းများလည်း ရှိသည်။

နှစ်ဦးတွင် ထိုအသင်းများကို ပြန်လည်ဖွဲ့စည်းကာ အမှုဆောင်သစ်များကို ရွေးကောက်တင်မြှောက်ကြစမြဲတည်း။ ပြီးလျှင် အမှုဆောင်လူကြီးတို့သည် အသင်းသားဦးရေ များပြားအောင် နည်းအမျိုးမျိုးတို့ဖြင့် ဆောင်ရွက်ကြရသည်။ နှစ်စဉ်ကြေးများကိုလည်း ပိုက်စိပ်တိုက်၍ ကောက်ခံကြသည်။

"ကျွန်တော်တို့အသင်းကို ဝင်ပါခင်ဗျာ..." ဆိုတိုင်းသာ အသင်းသားအဖြစ် ပါဝင်ရလျှင်လည်း၊ နှစ်စဉ်ကြေးများကို ပေးဆောင်ကြရသည်နှင့်ပင် ဘဏ္ဍာရေးကို အထူးထိခိုက်မည်ဖြစ်လေသည်။ လာရောက်ကောက်ခံသူများကို မျက်နှာပြောင်တိုက်ကာ "မဝင်ချင်ပါဘူးဗျာ..." ဟု ပြောရမှာကလည်း ဗမာ့သွေးကလေးကြောင့် အားနာပါးနာရှိလှသည်။ ထို့ကြောင့်အသင်းတိုင်းမှ အလှူခံပုဂ္ဂိုလ်များကို ရှောင်ရ၊ တိမ်းရသည်မှာလည်း တစ်ဒုက္ခ။

ဤကဲ့သို့ ရှောင်ရင်း တိမ်းရင်းကပင်လျှင်... ကျွန်တော်တို့လည်း အသင်းတစ်ခုကို ဦးစီးရန် တိုင်ပင်ကြသည်။

"ကျွန်တော်တို့မြန်မာအသင်းကြီးဟာ တခြားအသင်းတွေနဲ့ စာရင်တယ်မျက်နှာငယ်တယ်။ ဒီနှစ်ကျကျနန လုပ်ကြရအောင်" ဟု ကိုတင်မောင်သည် ကျွန်တော့်ကိုစ၍ပြောလေသည်။

"ကောင်းတာပေါ့...၊ ခင်ဗျားက အတွင်းရေးမှူးလုပ်ဗျာ၊ ကျွန်တော်

mgyoe.com

mgyoe.com


လည်း ကူညီပါ့မယ်...”ဟု ကျွန်တော်က အားပေးသည်။ ကိုတင်မောင်က အင်တင်တင်လုပ်နေပါသည်။

သူက ကျွန်တော့်ကို အတွင်းရေးမှူးလုပ်ရန် ပြန်၍ တိုက်တွန်းနေပြန်သည်။ ကျွန်တော်တို့နှစ်ဦးသည် အကြောင်းအမျိုးမျိုးပြကာ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် တာဝန်လွှဲနေကြပါသည်။ နောက်ဆုံးကျသောအခါ အခြားသူများကပါ ဝိုင်း၍တောင်းပန်သောကြောင့် ကိုတင်မောင်က အတွင်းရေးမှူးရာထူးကို လက်ခံပါမည်ဟု ကတိပြုလိုက်လေသည်။

## ၁၃၀၁ ခု၊ တော်သလင်းလဆုတ် ၁ ရက်နေ့

အမှုဆောင်သစ်များ ရွေးကောက်တင်မြှောက်ရမည့်နေ့သို့ ရောက်ပါပြီ။ နှစ်ဟောင်းက အတွင်းရေးမှူး ကိုဘကိုက အမှုဆောင်များ ရွေးကောက်ရန် အစည်းအဝေးကို အခန်းနံပါတ် ၄ တွင် ညနေ ၄ နာရီအချိန်၌ ကျင်းပမည်ဟု ကြေညာထားပါသည်။ ကျွန်တော့်မှာ အထူးကိစ္စများလျက် ရှိပါတော့သည်။

ကျွန်တော်တို့လျာထားသည့်အတွင်းရေးမှူးလောင်းကား မြို့ထဲမှ ပြန်မရောက်လာ။ အချိန်မီ ပြန်လာပါရန် အတန်တန်မှာကြားလိုက်ပါလျက်နှင့် ရောက်မလာသောကြောင့် သူ့ကို စိတ်ဆိုးလျက်ရှိကြသည်။ အစည်းအဝေးခန်းသို့ရောက်ကြပါပြီ။ ကိုတင်မောင်ကား ပေါ်မလာသေး။ ဆရာဦးအေးမောင်က အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်၍ ကိုဘကိုက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သည်။ အတွင်းရေးမှူးသည် ယမန်နှစ်က အစီရင်ခံစာကို ဖတ်နေပါပြီ။ ကိုတင်မောင်ကိုကား မမြင်ရသေး။

“ဟေး... ဘယ့်နှယ်လဲ၊ ကိုတင်မောင် လာပါ့မလား၊ ဘယ့်နှယ်

mgyoe.com

mgyoe.com



လုပ်မလဲ…" ဟု ကိုသောင်းကြည် (ပဲခူးကျောင်းဆောင်) က ကျွန်တော့်နားကပ်မေးလေသည်။

"လာမှာ မဟုတ်ပါဘူးဗျာ… ရည်းစားအိမ်သွားတာဗျ…၊ သွားမိရင် ဘယ်တော့မှ မိုးမချုပ်မချင်းပြန်မရောက်ဘူး…" ဟု ကျွန်တော်က စိတ်ဆိုးဆိုးနှင့် ပြန်ပြောလိုက်ပါသည်။

"ခက်တာပဲ… ခက်တာပဲ…" ဟု ကိုသောင်းကြည်က ညည်းညူလေသည်။

"ဒီလူပြန်လာမှ ဝိုင်းထိုးရအောင်ဗျာ… သိပ်ခွတိုက်တဲ့လူ…" ဟု ကျွန်တော်လည်း ဒေါသသံနှင့် ပြန်ပြောမိပါသည်။

အမှုဆောင်များ ရွေးကောက်တင်မြှောက်ရန် စခန်းသို့ရောက်နေပါပြီ။ ကိုတင်မောင်ကိုကား အစအနကိုပင် မတွေ့ရသေးပါ။ သူ့အတွက် ကျွန်တော်တော့ စိတ်အားလျှော့လိုက်ပါပြီ။

အသင်းနာယကလူကြီးများကို ပထမရွေးကောက်ပါသည်။ တင်မြှောက်လိုက်သည့် ပုဂ္ဂိုလ်ကြီးများကား ကျောင်းအုပ်ကြီး ဦးဖေမောင်တင်၊ ပါမောက္ခ မစ္စတာ ကာစင်၊ မြန်မာဆရာကြီး ဦးပွား၊ ဇမ္ဗူ့မိတ်ဆွေတိုက်ပိုင်ရှင် ဦးဘကျော်နှင့် အစိုးရရှေ့နေချုပ်ကြီး ဦးသိမ်းမောင်တို့ဖြစ်ပါသည်။

ဥက္ကဋ္ဌအဖြစ်ဖြင့် မြန်မာဆရာကြီး ဦးလင်းကို ရွေးကောက်ပြီးလျှင် ဒုတိယ ဥက္ကဋ္ဌများအဖြစ် ဆရာဦးလှအောင်နှင့် ဆရာဦးအေးမောင်တို့ကို တင်မြှောက်ကြပါသည်။ ဘဏ္ဍာထိန်းလူကြီးအဖြစ် ဒေါက်တာထင်အောင်နှင့် စာရင်းစစ်လူကြီးအဖြစ် ဆရာဦးဘိုးသာကို တင်မြှောက်ကြလေသည်။

အတွင်းရေးမှူးရွေးရန် အချိန်ရောက်လာပါပြီ။ မည်သူ့များ မည်သူက အဆိုတင်လိမ့်မည်နည်းဟု ငြိမ်၍ နားထောင်နေမိသည်။

mgyoe.com

mgyoe.com



ထိုအချိန်တွင် ကျွန်တော့်အနီးတွင် ထိုင်နေသော ကိုသောင်းကြည်သည် နေရာမှ ရုတ်တရက်ထကာ ကျွန်တော့်ကို အဆိုတင်သွင်းလေတော့သည်။ ကျွန်တော်သည် ခေါင်းနားပန်းကြီးသွားပါသည်။ တင်မောင်အောင်က တစ်ဖန် ကိုသောင်းကြည်၏အဆိုကို ထောက်ခံလိုက်ပြန်သည်။ သို့နှင့် ကျွန်တော့်မှာ ဘာမသိ ညာမသိနှင့် အတွင်းရေးမှူးဖြစ်သွားရပါတော့သည်။

ပြီးလျှင် လက်ထောက် အတွင်းရေးမှူးအဖြစ် တင်မောင်အောင်ကို ရွေးကောက်ကြပြန်ပါသည်။ ကျောင်းဆောင်အသီးသီးနှင့် နေ့ကျောင်းသူ ကျောင်းသားများထံမှ ကိုယ်စားလှယ်များ စာရင်းကိုလည်း တောင်းဆိုရန် စီစဉ်ကြသည်။ ထို့နောက် သဘာပတိက နိဂုံးချုပ်မိန့်ခွန်းကို မြွက်ကြား၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်လေသည်။

ကိုတင်မောင်ကား အတော်ကြီးမိုးချုပ်မှ ပြန်ရောက်လာလေသည်။ ကျွန်တော်တို့ တစ်တွေက သူ့ကိုဝိုင်း၍ ဆူကြပွက်ကြသည်။

"ခင်ဗျားတို့သိပ်ဆူမနေကြပါနဲ့ဗျာ...၊ ကျွန်တော် အတွင်းရေးမှူး မဟုတ်ပေမယ့် ကျွန်တော်အားလုံးလုပ်ပေးပါ့မယ်..." ဟု ကတိပြုလေသည်။ ကတိပြုသည့်အတိုင်းလည်း အထူးကူညီဆောင်ရွက်ပါသည်။

ထိုနေ့မှစ၍ ကျွန်တော်တို့တစ်တွေမှာ အလုပ်များကြလေတော့သည်။ ကျောင်းဆောင်အသီးသီးတို့နှင့် နေ့ကျောင်းသူ၊ နေ့ကျောင်းသားများ၏ ကိုယ်စားလှယ်များ၏အမည်များကို အချိန်မီရအောင် တောင်းဆိုရသည်။ ထိုကိုယ်စားလှယ်များမှတစ်ဆင့် အသင်းသူ အသင်းသားများကို စည်းရုံးရသည်။

အင်းလျားကျောင်းဆောင် ကိုယ်စားလှယ်များဖြစ်ကြသော မခင်မူအေး (ယခုတပ်မတော် စစ်ဆေးရုံမှ ဗိုလ်ကြီး ဒေါ်ခင်မူအေး) နှင့် မခင်ညွန့် (ယခု တရားသူကြီးကတော်) တို့ထံသို့ မကြာခဏသွားရောက်

mgyoe.com

mgyoe.com



ကာ အသင်းသူများများရရန် ကြိုးစားစည်းရုံးဖို့ တိုက်တွန်းနှိုးဆော်ကြရသည်။

နေ့ကျောင်းသူ ကိုယ်စားလှယ် မကြည်မြင့် (ကွယ်လွန်သူ) နှင့် မခင်ကြည် (ယခု လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး ဝန်ကြီးဌာန) တို့က လည်း နေ့ကျောင်းသူများ အတော်များများ အသင်းဝင်ဖြစ်အောင် ကြိုးပမ်းကြသည်။

ကျောင်းဆောင် အသီးသီးမှ ကိုယ်စားလှယ်များအနက် အချို့ အသင်းအတွက် အတော်ပင် ကူညီဝိုင်းဝန်း၍ ဆောင်ရွက်ကြသည်။ ပင်းယကျောင်းဆောင်မှ ကိုခင်မောင်လတ်၊ စစ်ကိုင်းကျောင်းဆောင်မှ ကိုမောင်ကြီးနှင့် ကိုစိန်လှ၊ အင်းဝကျောင်းဆောင်မှ ကိုမောင်မောင်ခင်နှင့် ကိုမောင်မောင်၊ ပုဂံကျောင်းဆောင်မှ ကိုလှကြည်၊ ပဲခူးကျောင်းဆောင်မှ ကိုသောင်းကြည်နှင့် ကိုတင်မောင်၊ တကောင်းကျောင်းဆောင်မှ ကိုစော တို့သည် အထူးအကူအညီရသူများ ဖြစ်ကြပါသည်။ အချို့ကျောင်းသားများကား နာမည်ထည့်ထားသော်လည်း အသင်းကိစ္စများတွင် ဘာတစ်ခုမျှ ထိထိရောက်ရောက် ကူညီဆောင်ရွက်သည်ကို မတွေ့ရပါ၊ ဤကား ဓမ္မတာတည်း။

## ၁၉၃၉ ခု၊ အောက်တိုဘာလ ၄ ရက်နေ့

ထိုနေ့တွင် ပထမအကြိမ်မြောက် အမှုဆောင်အစည်းအဝေးကို တက္ကသိုလ်ကျောင်းတိုက်၊ အခန်းနံပါတ် ၄ တွင် ညနေ ၄ နာရီ၌ ကျင်းပလေသည်။ အမှုဆောင်များအားလုံးမစုံညီပါ၊ သို့သော် အများပင် တက်ရောက်ကြပါသည်။ ထိုအစည်းအဝေးပွဲတွင် နှစ်စဉ်ကြေးကောက်ခံရေးနှင့် တစ်နှစ်လုံးအတွက် လုပ်ငန်းစဉ်ကို ရေးဆွဲကြလေသည်။

လုပ်ငန်းအတိုင်း သင်းလုံးကျွတ်အစည်းအဝေးကြီးကို ၁၉၃၉ ခု၊

mgyoe.com

mgyoe.com



အောက်တိုဘာလ ၁၂ ရက်နေ့၊ ညနေ ၇ နာရီခွဲအချိန်တွင် ကျင်းပရန် စီစဉ်ထားကြလေသည်။ ထိုစဉ်က ဆရာဦးဝန် (မင်းသုဝဏ်) မှာ ဘီလပ်၊ အောက်စဖို့(ဒ်) တက္ကသိုလ်မှ ဘီလစ်ဘွဲ့ထူးကိုဆွတ်ခူး၍ပြန်လာခါစ အချိန်ဖြစ်လေသည်။ ကျွန်တော်တို့ ကျင်းပမည်ဖြစ်သော အစည်းအဝေး ပွဲတွင် ဆရာဦးဝန်အား တရားဟောပါမည့်အကြောင်းနှင့် တောင်းပန်ကြ ရလေသည်။

"အေး... အောက်စဖို့(ဒ်)တက္ကသိုလ်အကြောင်း ဟောမယ်..." ဟု ဆရာကလည်း ဝန်ခံလိုက်လေသည်။

အစည်းအဝေးပွဲကို တက္ကသိုလ် အစည်းအဝေးခန်းမဆောင်ကြီး တွင် ကျင်းပရာ ဆရာကြီး ဦးလင်း သဘာပတိအဖြစ်ဖြင့် ဆောင်ရွက်ပါ သည်။ ကျောင်းသူကျောင်းသားတွေ အတော်များများ တက်ရောက်ကြပါ သည်။ ဆရာဦးဝန်က အောက်စဖို့(ဒ်)တက္ကသိုလ်အကြောင်းကို ကျောင်း သားတို့ပညာသင်ကြားရေးနေထိုင်ရေးမှအစ အဆောက်အအုံကြီးများ တည်ပုံများကိုပါ ထည့်သွင်း၍ စိတ်ဝင်စားဖွယ်ရာ ဟောပြောသွားလေ သည်။

အောက်စဖို့(ဒ်)တက္ကသိုလ်အကြောင်းနှင့် ပတ်သက်၍ ဦးစိန်တင် (သိပ္ပံမောင်ဝ) ရေးခဲ့သည်ကို ဖတ်ဖူးသော်လည်း ဆရာဦးဝန် ဟောပြော သွားရာတွင် ဦးစိန်တင်၏စာအုပ်တွင် မပါသည့် ဆန်းသစ်သော အတွေး အမြင်များကို ကြားသိလိုက်ကြလေသည်။

## (၃)

ကျွန်တော်တို့သည် လုပ်ငန်းစဉ်တစ်ခုကို စကြလေသည်။ စာရေး ဆရာများ၏စကားပြော ပြိုင်ပွဲတစ်ရပ်ကို ကျင်းပကြရန်ဖြစ်လေသည်။

"တက္ကသိုလ်က စာရေးဆရာတွေက တစ်ဖက်၊ ပြင်ပက စာရေး

mgyoe.com

mgyoe.com



ဆရာတွေက တစ်ဖက်ထားပြီး စကားရည်လုပွဲလုပ်ရရင် ကောင်းမှာပဲ..." ဟု ကျွန်တော်က စပြောမိလေသည်။

"အင်း... ကောင်းတော့ ကောင်းတယ်... ဒါပေမဲ့ ရန်တိုက်ပေးသလိုများ ဖြစ်နေမလားလို့..." ကိုတင်မောင်က ဆိုလေသည်။

အမှန်ပြောရလျှင် ထိုစဉ်က စာရေးဆရာများသည် နှစ်စိတ်ကွဲနေသည်ဟု ဆိုရပေမည်။ တက္ကသိုလ်နယ်မြေမှ စာရေးသူများနှင့် အပြင်အပမှ စာရေးသူများသည် ဆက်စပ်၍မရအောင် ဖြစ်နေတတ်ကြပါသည်။ မကြာသေးမီက အင်္ဂလိပ်စာရေးဆရာကြီး အိပ်(ချ်)ဂျီဝဲလာစဉ်တွင် စာရေးဆရာအားလုံး ပေါင်းမိကာ ညှိခံပွဲများ ပြုလုပ်ခဲ့ကြသည်။ သို့သော် ယာယီမျှ ပူးပေါင်းလိုက်ခြင်းဖြစ်သည်။ အစဉ်သဖြင့်ကား ဆက်စပ်မှုမရှိကြချေ။

"တက္ကသိုလ်က ချာတိတ်တွေဟာ အလကား စိတ်ကူးဉာဏ်သိပ်မရှိပါဘူး။ သူတို့ရေးတဲ့စာတွေဟာ အင်္ဂလိပ်စာအုပ်တွေထဲကချည်း ခိုးချနေတာပါ..."

အချို့သော အပြင်အပမှ စာရေးဆရာတွေက ထင်ကြသည်။ အချို့ဖွင့်ဟ၍ပင် မြွက်ကြားသည်။

"ဒီအပြင်က ကြေးစားစာရေးဆရာတွေဟာ ခေတ်ပညာကိုမှ ဟုတ်တိပတ်တိ မတတ်ဘဲ။ တစ်မူးတန်ဝတ္ထုကလွဲပြီး ဘာရေးတတ်မှာလဲ...၊ အဆင့်အတန်းမီတဲ့ စာမျိုးမရေးနိုင်ပါဘူး..."

တက္ကသိုလ်နယ်မြေမှ အချို့ကလည်း ဤကဲ့သို့ ဆိုကြသည်။ ထို့ကြောင့် သူတို့နှစ်ဖွဲ့ကို တစ်ဖက်စီထားကာ စကားနိုင်လုစေ၍ ဖြစ်ပါ့မလားဟု စိုးရိမ်ကြခြင်းဖြစ်လေသည်။

"ဒီလိုဆိုရင်လည်း အပြင်ကနာမည်ကြီးစာရေးဆရာတွေကို ဖိတ်ပြီး တက္ကသိုလ်ကျောင်းက ကျောင်းသူကျောင်းသားတွေနဲ့ မိတ်ဆက်

mgyoe.com

mgyoe.com



ပေးတဲ့သဘောနဲ့ စာပေဟောပြောပွဲလုပ်ကြရရင် မကောင်းဘူးလား…” ဟု ကျွန်တော်က အကြံပေးပါသည်။ ကျွန်တော်တို့သည် တက္ကသိုလ်နှင့် အပြင်အပ စာပေလောကရှိ ဆရာကြီးများကို ဆက်စပ်၍ပေးချင်ပါသည်။

“ဒီလိုလုပ်ဗျာ… အပြင်အပက စာရေးဆရာတွေချည်းပဲ… စကားရည်လုပွဲလုပ်ကြရအောင်…” ဟု ကိုတင်မောင်က ဆိုလေသည်။

ထိုကိစ္စကို အပြန်အလှန် အတန်ကြာအောင် ဆွေးနွေးကြပြီးနောက် ထိုကိစ္စကိုဖြစ်မြောက်အောင် ဆောင်ရွက်ရန် သဘောတူကြလေသည်။ သဘောတူကြသည်ကတော့ ဟုတ်ပါပြီ၊ ရုပ်လုံးဖော်ရာ၌ မလွယ်ကူလှ။ စာရေးဆရာတွေကို ရွေးရသည်။ စကားရည်လုပွဲတွင် ပြောဆိုရမည့် ဘာသာရပ်ကိုလည်း စိတ်ကူးရသည်။ မည်သူ့ကို အဆိုဘက်က ထားမည်။ မည်သူ့ကို ကန့်ကွက်သည့်ဘက်မှ ထားမည်ဟူသော အချက်အလက်များကိုလည်း စဉ်းစားကြရသည်။

ပထမ စာရေးဆရာများကို ရွေးကြသည်။

“ဇဝန၊ သခ်ီ၊ ဒဂုန်နတ်ရှင်၊ ရွှေစကြာ၊ ညာဏ၊ မဟာဆွေ၊ ရွှေဥဒေါင်း”

ကိုတင်မောင်က စာရွက်ပေါ်တွင် ရေးချသည်။

အမျိုးသမီး စာရေးဆရာများကို ရွေးကြပြန်သည်။

“ဒဂုန်ခင်ခင်လေးနှင့် ခင်မျိုးချစ်’ ကို ရွေးထားကြလေသည်။

“ဒီလိုဆိုရင်… ယောကျ်ားစာရေးဆရာ ခုနစ်ယောက်နဲ့ အမျိုးသမီးစာရေးဆရာနှစ်ယောက် ပေါင်း ကိုးယောက်ဖြစ်နေပြီ…၊ တစ်ဖက်ဘယ်နှယောက်ထားမလဲ၊ ဘက်မညီဘဲနေလိမ့်မယ်…” ဟု ကျွန်တော်က ပြောပါသည်။

“အမယ်… ကိုယ့်လူ အသာနေစမ်းပါဦး၊ ဒီလူတွေအားလုံးက

mgyoe.com

mgyoe.com



ခင်ဗျားဖိတ်တိုင်းလာချင်မှ လာကြမှာ..." ဟု ကိုတင်မောင်က ဆိုလေသည်။

"အင်း... ဟုတ်တယ်...၊ တစ်ဖက် သုံးယောက်ဆို တော်ရောပေါ့ဗျာ... ဒါလောက်တော့ရပါလိမ့်မယ်..." ဟု ကျွန်တော်က ပြောပါသည်။

"ကဲ... အဆိုသွင်းရမယ့် အကြောင်းကို စဉ်းစားရအောင်..."

ထိုကိစ္စကို အတော်ကြီးကြာအောင် စဉ်းစားကြသည်။ တစ်ယောက်တစ်မျိုးအကြံပေးကြသည်။ အချို့ကလည်း ကြီးကျယ်လေးနက်သည့်အကြောင်းများကို ပြောဟောစေချင်ကြသည်။

"စကားရည်လုပွဲဆိုတာ နက်နက်နဲနဲ ဘာသာရပ်ကြီးတွေကို ပြောခိုင်းဖို့ သိပ်မကောင်းဘူးခင်ဗျ...၊ အားလုံးနားလည်လွယ်ပြီး ပြောလို့ကောင်းမယ့်ဘာသာရပ်မှ ဖြစ်မယ်။ ပြီးတော့ နှစ်ဖက်စလုံးကလည်း ပြောနိုင်တဲ့အချက်တွေရှိရမယ်" ဟု ကိုတင်မောင်က ဆိုပါသည်။

နောက်ဆုံးတွင် အမျိုးမျိုး အကြံပေးကြသည့်အထဲက "အလွမ်းဝတ္ထုရေးခြင်းသည် ဟာသဝတ္ထုရေးခြင်းထက် ပိုမို၍ အကျိုးရှိသည်" ဟူသော အဆိုကို ရွေးချယ်လိုက်ကြပါသည်။

ထို့နောက် စာရေးဆရာများကို တွေ့ဆုံ၍ စကားရည်လုပွဲသို့ တက်ရောက်ပြောကြားပါမည့်အကြောင်း လိုက်လံတောင်းပန်ကြရလေသည်။ ကိုတင်မောင်နှင့် ကျွန်တော့်မှာ ရန်ကုန်မြို့ပေါ်တွင် အနှံ့အပြားနေထိုင်လျက်ရှိကြသော စာရေးဆရာ့အိမ်များသို့ သွားရောက်တွေ့ဆုံကြပါသည်။ ဇဝန၊ ရွှေစကြာ၊ သခင်၊ ခင်မျိုးချစ် တို့က အရှေ့ပိုင်းတွင် နေကြသည်။ ဆရာကြီးရွှေဥဒေါင်းကို သူရိယတိုက်တွင် သွားတွေ့ရသည်။ ဒဂုန်ခင်ခင်လေး၊ ဒဂုန်နတ်ရှင်တို့က အလယ်ပိုင်းတွင်ရှိသည်။ မဟာဆွေ၏နေအိမ်ကား အနောက်ပိုင်းတွင်ရှိသည်။ အချို့အိမ်များသို့

mgyoe.com

mgyoe.com


တစ်ခေါက်တည်းနှင့် မတွေ့၍ ကိစ္စမပြီးခဲ့၊ နှစ်ခါ သုံးခါ ထပ်သွားကြရသည်။ အချို့ကလည်း စဉ်းစားပါရစေဦး၊ ဘယ်နေ့မှလာခဲ့ပါ စသည်ဖြင့် ချိန်းလေသည်။ အချို့ကလည်း မပြောပါရစေနှင့်ဟု ခေါင်းခါလေသည်။

"ကျွန်တော်က စာသာရေးတတ်တာ၊ တယ် စကားပြောတတ်တာ မဟုတ်ဘူး၊ ပြီးတော့ အလုပ်ကလည်း ညညဆင်းနေရတယ်..." ဟု ဇဝနက ဆိုလေသည်။

"ဘာပဲဖြစ်ဖြစ်ဗျာ... တစ်လုံး နှစ်လုံးဖြစ်ဖြစ် လာပြောစမ်းပါ၊ ဇဝနဆိုတာ ဘယ်လိုဆိုတာ ကျောင်းသူကျောင်းသားတွေ မြင်သွားရရင် တော်ပါပြီ..." ဟု ကိုတင်မောင်က တောင်းပန်သည်။ သို့သော် မအောင်မြင်ပါ။ ရွှေဥဒေါင်းကလည်း "ညတွင် မအားပါ" ဆိုလိုက်ပါသည်။

ဒဂုန်ခင်ခင်လေး၏ တိုက်ခန်းလေးသို့ ရောက်သွားကြသည်။ ဧည့်ခန်းတွင် အတော်ကလေးကြာအောင် ထိုင်စောင့်နေရသည်။ အမွေးစုတ်ဖွား ခွေးပုလေး ၃ ကောင်သည် ဟိုပြေး သည်ပြေး ဟိုတက် သည်တက်နှင့် ဆော့နေကြလေသည်။ ခဏကြာမှ ဒဂုန်ခင်ခင်လေးသည် ခွေးငယ်ကလေးတစ်ကောင်ကို ပွေ့ပိုက်၍ ထွက်လာလေသည်။ ကျွန်တော်တို့လည်း မဆိုင်းမတွပင် စကားရည်လုပွဲတွင် တက်ရောက် စကားပြောပါရန် တောင်းပန်ကြပြန်သည်။

"ကျွန်မက စာတွေ ရေးနေပေမယ့် ဒီလိုတော့ စကားပြောကျင့်မရှိဘူး၊ ပြီးတော့ သိပ်လည်း နေမကောင်းဘူး" ဟု ငြင်းဆန်ပြန်လေသည်။ အထပ်ထပ်တောင်းပန်ကြပါသေးသည်၊ မရ။ ဆုတ်ခွာခဲ့ရပြန်သည်။

ကြည့်မြင်တိုင်ကျောင်းကြီးလမ်းတွင် နေထိုင်သည့် မဟာဆွေ၏ အိမ်သို့ ရောက်သွားကြပြန်သည်။ မဟာဆွေဇနီးမောင်နှံကို အဆင်သင့်ပင် တွေ့ရလေသည်။ "ဦးလေးဆွေ..." ဟူသောဝတ္ထုကို သူရိယမဂ္ဂဇင်း

mgyoe.com

mgyoe.com


တွင် ဖတ်ဖူးထားသောကြောင့် ထိုဝတ္ထုမှဇာတ်လိုက်မင်းသားနှင့် မင်းသမီးကို စိတ်ဝင်စားစွာ အကဲခတ်မိပါသည်။

"ကောင်းပြီ… လာပ့ါမယ်။ အဲဒီနေ့ကျတော့သာ လာခေါ်ပါ…" ဟု လက်ခံလိုက်လေသည်။ ထို့နောက် ရွှေစကြာ၊ ဒဂုန်နတ်ရှင်၊ ညာဏ၊ သခ်ါ၊ ခင်မျိုးချစ်တို့ကလည်း သဘောတူလက်ခံလိုက်ပါသည်။ သည်အတိုင်းဆိုလျှင် တစ်ဖက်လျှင် ၃ ယောက်ကျနှင့် ၆ ယောက်စေ့သွားပါပြီ။ မည်သည့်ဘက်က ပြောဆိုရမည်ကိုလည်း ပြောကြားထားခဲ့ပြီးဖြစ်ပါသည်။

အဆိုဘက်မှ ပြောဆိုမည့်သူများကား သခ်ါ၊ ခင်မျိုးချစ်နှင့် ညာဏတို့ဖြစ်ပါသည်။ အချေဘက်မှ စာရေးဆရာများကား ဒဂုန်နတ်ရှင်၊ ရွှေစကြာနှင့် မဟာဆွေတို့ ဖြစ်ကြသည်။ အဆိုဘက်မှ အမျိုးသမီး စာရေးဆရာ ခင်မျိုးချစ် ပါဝင်နေသော်လည်း အချေဘက်မှ အမျိုးသမီး စာရေးဆရာမပါဝင်သည့်အတွက် ဘက်မညီသလိုဖြစ်နေပါသည်။ သို့သော် ထိုစဉ်က ရန်ကုန်မြို့ပေါ်တွင် နာမည်ရဖြစ်သော အမျိုးသမီးကလောင်ရှင်ကလည်း ရှားလှဘိ။

ကျွန်တော်တို့တစ်တွေ တစ်ခုမေ့ကျန်နေပါသည်။ စကားရည်လုပွဲတွင် သဘာပတိအဖြစ် ဆောင်ရွက်မည့်ပုဂ္ဂိုလ်ကို မရွေးမိကြပါ။

"အချိန်မရှိတော့ရင်လည်း ဆရာလင်းကြီးပဲ… တောင်းပန်ရမှာပဲ…" ဟု ကျွန်တော်က ပြောပါသည်။

"အချိန်မရရင်လည်း ဒီလိုပဲ လုပ်ကြရတော့မှာပေါ့…၊ ဒါပေမဲ့… လိုတော့လိုသေးတာပဲ…၊ အခြားက ပုဂ္ဂိုလ်တစ်ယောက်ကိုပဲ သဘာပတိတင်နိုင်ရင်ကောင်းမယ်ဗျ…" ဟု တစ်ယောက်က အကြံပေးသည်။

သို့နှင့် ခေါင်းချင်းရိုက်ကာ စဉ်းစားကြပြန်သည်။ တစ်ယောက်တစ်နာမည်ဆိုသလို ပြောကြသည်။ နောက်ဆုံးတွင် အမျိုးသား ပညာဝန်

mgyoe.com

mgyoe.com


ဦးဖိုးကျားကို အားလုံးသဘောတူ ရွေးကြလေသည်။ စာပေလောက ပုဂ္ဂိုလ်လည်း ဖြစ်ပေသည်။

"ကျွန်တော်တို့ရွေးတာတော့ ဟုတ်ပါပြီ။ လာနိုင်မယ်၊ မလာနိုင်မယ်ဆိုတာ အမြန်ဆုံးသိရရင် ကောင်းမယ်..." ဟု ကိုတင်မောင်က ဆိုလေသည်။ သို့နှင့် ကျွန်တော်လည်း ကိုတင်မောင်နှင့် အတူပင် ကျောက်ဆေးရုံအနီးရှိ ဦးဖိုးကျား၏ နေအိမ်သို့ရောက်လာကြလေသည်။

အဆင်သင့်ပင် ဦးဖိုးကျားနှင့် တွေ့ဆုံကြပါသည်။ ကျွန်တော်တို့က အကျိုးအကြောင်းကို ပြော၍ သဘာပတိအဖြစ် ဆောင်ရွက်ပါမည့် အကြောင်းနှင့် တောင်းပန်ကြသည်။ ဦးဖိုးကျားသည် ကျွန်တော်တို့အစီအစဉ်ကို အတော်သဘောကျနေပါသည်။

"အင်း... သိပ်ကောင်းတယ်... အဲဒီလို အပြင်အပ စာရေးဆရာတွေနဲ့ တက္ကသိုလ်နဲ့ မကြာခဏ မိတ်ဆက်ပေးဖို့ လိုတယ်... ကျုပ်လည်း လာပါ့မယ်" ဟု ဝန်ခံလိုက်ပါသည်။

တာဝန်တစ်ခုတော့ ပြီးဆုံးသွားပြန်ပါပြီ။ သို့သော် မအေးရသေး၊ စကားရည်လုပွဲအတွက် အစီအစဉ်တွေ ပြုလုပ်ရသည့်တာဝန်ကား မသေးငယ်လှ။ ကိုတင်မောင်နှင့် ကျွန်တော်မှာ ကျောင်းကိုလည်း မှန်မှန်မတက်နိုင်။ အသင်းကိစ္စတွေကိုချည်း လုံးပမ်းနေကြရပါသည်။

အမှုဆောင်ထဲတွင် ပါဝင်သည့်အချို့ကျောင်းသားများကား ကူညီဆောင်ရွက်ကြပါသည်။ အချို့ကတော့ လှည့်၍ပင် မကြည့်။ ။

## (၄)

**၁၃၀၁ ခု၊ နတ်တော်လဆန်း ၈ ရက်၊ တနင်္လာနေ့**

**၁၉၃၉ ခု၊ ဒီဇင်ဘာ ၁၈ ရက်နေ့**

ည ၇ နာရီအချိန်တွင် တက္ကသိုလ်မြန်မာအသင်းကြီးမှ ကမကထ

mgyoe.com

mgyoe.com



ပြုလျက် တက္ကသိုလ်ခန်းမဆောင်အတွင်းဝယ် စာရေးဆရာများ၏ စကားရည်လုပွဲကို ကျင်းပရန် ချိန်းဆိုထားပါသည်။

'အလွမ်းဝတ္ထုရေးခြင်းသည် ဟာသဝတ္ထုရေးခြင်းထက် ပိုမို၍ အကျိုးရှိသည်' ဟူသော အဆိုကို သခင်ါက တင်သွင်း၍၊ ခင်မျိုးချစ်နှင့် ညာဏတို့က ထောက်ခံကြမည်ဖြစ်ပါသည်။

ထိုအဆိုကို ဒဂုန်နတ်ရှင်က ကန့်ကွက်ချေပ၍၊ ရွှေစကြာနှင့် မဟာဆွေတို့က ထိုချေပချက်ကို ထောက်ခံပြောဆိုကြမည်ဖြစ်ပါသည်။

ကျွန်တော်တို့တစ်တွေကား ထိုနေ့ တစ်နေ့လုံး ရင်တဖိုဖိုနှင့် ဖြစ်နေကြပါသည်။ အခန်းကြီးထဲတွင် ပြင်ဆင်စရာရှိသည်များကို ပြင်ဆင်ရသည်။ ကုလားထိုင်၊ စားပွဲချသည်ကအစ လိုက်လံကြည့်ရှုကြရသည်။ ကြွရောက်လာကြသော စာရေးဆရာများနှင့် အထူးဧည့်သည်တော်များအား စကားရည်လုပွဲမစမီ ခေတ္တနားနေရန်နှင့် စကားရည်လုပွဲအပြီးတွင် လက်ဖက်ရည်ပွဲနှင့် ဧည့်ခံရန် ကျောင်းသူများ၏အခန်းတွင် စီစဉ်ပြင်ဆင်ထားကြရလေသည်။

ညနေစောင်းတွင် စာရေးဆရာများကို သွားရောက်ခေါ်ရန်အတွက် ကိုကား ကိုထွန်းတင် (တိုလီမိုလီ) ၏ ကားကို ပုတ်ပြတ်ငှားထားကြရပါသည်။ တဖြည်းဖြည်း အချိန်နီးကပ်လာပါပြီ။ စာရေးဆရာတွေကို သွားရောက်ခေါ်ဆောင်ရန်အတွက် ကိုတင်မောင်က တာဝန်ယူသည်။ ကျွန်တော့်ကိုကား ကျောင်းမှာပင်နေ၍ အစစအရာရာ ကြည့်၍ စီစဉ်ရမည်ဟု ဆိုလေသည်။

မှောင်စပျိုးလျှင်ပင် ကျောင်းသူကျောင်းသားတွေ တဖွဲဖွဲ ရောက်လာကြလေသည်။ အင်းလျားဘက်မှလာနေကြသော ကျောင်းသူအများကို တွေ့ရသည်။ ယုဒသန်ကျောင်းတိုက်ဘက်ဆီမှ လာနေသော ကျောင်းသူကျောင်းသားများကိုလည်း မြင်ရသည်။ တက္ကသိုလ်

mgyoe.com